# ကန်စွန်းနွယ်

Scientific name - *Ipomoea triloba* L.

Common name - Three-lobe morning glory

Family - Convolvulaceae






အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံသစ်ပျော့နွယ်ပင်မျိုးဖြစ်ပြီး မြေ၌ တွားသွား၍လည်းကောင်း မှီတွယ်၍လည်းကောင်း ပေါက်သည်။ ပင်စည်သေးသွယ်ပြီး ကိုင်းများစွာဖြာထွက်သည်။ ပင်စည်၌အမွေးမပါချေ။ တစ်ခါတစ်ရံ အမွေးတွဲလွဲပါပြီး အဆစ်ပေါ်တွင် အမွေးပိုပါလေ့ရှိသည်။ ရွက်ထီးဖြစ်ပြီး ရွက်လွှဲထွက်သည်။ ပြန့်ကားပြီး အဖျားပိုင်းသွယ်၍ ချွန်သွားသည်။ တစ်ခါတစ်ရံအဝိုက်ပါ၍ အရွက်ထိပ်ဖျားချွန်သည်။ ရွက်နားချောမွေ့သည်။ ပန်းပွင့်သည် ပန်းရောင်မှ ခရမ်းဖျော့ရောင်ရှိပြီး တစ်ခါတစ်ရံ အဖြူရောင်ရှိသည်။ အက်ကွဲသီးတစ်ခုတွင် အစေ့လေးခုပါရှိပြီး အနည်းငယ်လုံးပြီး အညိုရင့်ရောင်ရှိသည်။ အစေ့အားဖြင့် မျိုးပွားသည်။